# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 7, 2022 | Volume 51, Number 5

၇.၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၀ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၁.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၈၇၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၇၀၀၀၀ နီးပါး တင်ပို့နိုင်ခဲ့

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၇၀၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။

အဆိုပါ လတစ်လအတွင်း ပြည်ပနိုင်ငံ ၂၇ နိုင်ငံသို့ ဆန်များတင်ပို့ခဲ့ခြင်းဖြစ်ပြီး ဆန်ကွဲကို ပြည်ပနိုင်ငံ ငါးနိုင်ငံသို့တင်ပို့ခဲ့ခြင်းဖြစ်ကာ တန်ချိန်စုစုပေါင်း ၂၆၉၂၁၅ တန်ကျော် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ တင်ပို့ရာတွင် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၄၂၈၅၀ဖြင့် အများဆုံး တင်ပို့ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ ၂၈၆၆၆ တန်ဖြင့် ဒုတိယအများဆုံး တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆန်ကွဲတင်ပို့မှုအနေဖြင့် နယ်သာလန်နိုင်ငံသို့ တန်ချိန် ၄၂၇၃၀ ဖြင့် အများဆုံးတင်ပို့ထားပြီး တရုတ်နိုင်ငံသို့ တန်ချိန် ၁၇၄၂၉ တန်ဖြင့် ဒုတိယအများဆုံးတင်ပို့ထားကြောင်းသိရသည်။

အလားတူ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသိန်းကျော် တင်ပို့ထားကြောင်းသိရသည်။

http://sdtimedaily.com/

## ကျင်စန်းကျော့ဂိတ်မှ တစ်ရက်လျှင် ဖရဲနှင့်သခွားအပါအဝင် လယ်ယာထွက်ကုန် တင်ဆောင်သည့် ယာဉ်အစီးရေ ၁၃၀ ကျော်ဖြင့်တင်ပို့နေ



https://www.myawady.net.mm/node/21750

မြန်မာ-တရုတ် နယ်စပ်ဂိတ်ဖြစ်သည့် ကျင်စန်းကျော့ဂိတ်မှ တစ်ရက်လျှင် ဖရဲနှင့်သခွားအပါအဝင် လယ်ယာထွက်ကုန် တင်ဆောင်သည့် ယာဉ်အစီးရေ ၁၃၀ ကျော်ဖြင့်တရုတ်နိုင်ငံသို့ တင်ပို့နေကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၏ ပြောပြချက်အရ သိရသည်။

ထိုသို့တင်ပို့ရာတွင် တစ်ရက်လျှင် ဖရဲ၊သခွား ယာဉ်အစီးရေ ၁၀၀ ကျော်နှင့် ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ ရော်ဘာစသည့် လယ်ယာထွက်ကုန်တင်ဆောင်သည့် ယာဉ်အစီးရေ ၃၀ ကျော်ဖြင့် တင်ပို့လျက်ရှိကြောင်းသိရသည်။ ''ဖရဲ၊ သခွားကတော့ တစ်ရက်ကို ယာဉ်အစီးရေ ၁၀၀ ကျော်နဲ့ အများဆုံးတင်ပို့ပါတယ်။ ဆန်နဲ့ဆန်ကွဲကတော့ တစ်ရက်ကို

ယာဉ်အစီးရေ လေး၊ ငါးစီးလောက်နဲ့တင်ပို့တယ်။ ဆန်နဲ့ဆန်ကွဲဈေးနှုန်း ရရှိမှုက မဆိုးပါဘူး''ဟု ဦးမင်းသိန်းကပြောသည်။

ကျင်စန်းကျော့ဂိတ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ကာ ကုန်သွယ်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံအရောက် ဆန်တစ်အိတ်လျှင် ယွမ် ၁၄၀ နှင့် ဆန်ကွဲတစ်အိတ်လျှင် ယွမ် ၁၃၀ ဖြင့် ရောင်းချနေကြောင်းသိရသည်။

မူဆယ်-ကျင်စန်းကျော့ဂိတ်မှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ဆီးသီးခြောက်၊ ရော်ဘာနှင့် စားသောက်ကုန်များ တင်ပို့ လျက်ရှိပြီး တရုတ်နိုင်ငံမှ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်းနှင့် စက်မှုလုပ်ငန်းသုံး ပစ္စည်းများ   တင်သွင်းလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/21750

## အရင်အပတ်က အိန္ဒိယနိုင်ငံမှာ မြန်မာမတ်ပဲဈေး သိသာစွာကျဆင်း

ပြီးခဲ့တဲ့သီတင်းပတ်က အိန္ဒိယ၊ မွန်ဘိုင်းဈေးကွက်မှာ မြန်မာမတ်ပဲ FAQ ဟာ ၃၀၀ ရူပီးအထိ သိသိသာသာကျဆင်းခဲ့ပြီး တစ်ကွမ်တယ်ကို ၆၁၀၀ ရူပီးသာရှိခဲ့ပါတယ်။ မတ်ပဲခွဲခြမ်းကို ဝယ်လိုအားနည်းနေတာ၊ ပြည်ပကနေမတ်ပဲတွေ ပုံမှန်ဝင်ရောက်တာနဲ့ ပဲခွဲစက်တွေက အဝယ်နည်းနေတာကြောင့် မတ်ပဲဈေးအခုလိုကျဆင်းခဲ့တာလို့ ဆိုပါတယ်။ မြန်မာမှာလည်း မတ်ပဲအသစ်အထွက်ကောင်းမယ်လို့ အိန္ဒိယက ခန့်မှန်းပါတယ်။

မြန်မာမတ်ပဲဟာ မွန်ဘိုင်းမှာတင်မက ချန်နိုင်းဈေးကွက်မှာလည်း အလားတူဈေးကျခဲ့ပါ တယ်။ အရင်အပတ်က ချန်နိုင်းမှာ မြန်မာမတ်ပဲ FAQ, SQ နှစ်မျိုးစလုံးဟာ ၁၅၀-၂၅၀ ရူပီး ဝန်းကျင်အထိ ထိုးကျပြီး တစ်ကွမ်တယ်ကို ၅၈၅၀ ရူပီးမှ ၆၃၅၀ ရူးပီး ဈေးရှိခဲ့ပါတယ်။ (၆၀၀၀ ရူပီးတန်းကို ဖြတ်ဖောက်ကျသွားတာ သတိပြုပါ)

အိန္ဒိယမှာတော့ အရင်အပတ်ထိ ဆောင်းစိုက်မတ်ပဲဧရိယာဟာ မနှစ်ကနဲ့ယှဉ်ရင် ၂% နီးပါး ကျဆင်းခဲ့ပါတယ်။ ဥတ္တရပရာဒေ့ရှ်နဲ့ မဒ္ဓျပရာဒေ့ရှ်ပြည်နယ်တွေမှာ ပုံမှန်အရည်အသွေးနဲ့ မတ်ပဲတွေ ဈေးကွက်ဝင်လာခဲ့ပါတယ်။ မကြာခင်မှာ တခြားဒေသတွေက မတ်ပဲအသစ်တွေလည်း ဈေးကွက်ထဲဝင်လာဖွယ်ရှိပါတယ်။ မြန်မာမှာတော့ အရင်အပတ်က မတ်ပဲ FAQ, SQ တွေရဲ့ CNF တစ်တန်ဈေးဟာ ဒေါ်လာ ၇၆၀ နဲ့ ၈၃၅ ကို ကျဆင်းခဲ့ပါတယ်။

မတ်ပဲ SQ အသစ် ကွန်တိန်နာ အလုံးရေ ၂၀၀ လောက်ကို FOB ဈေးတစ်တန်ကို ဒေါ်လာ ၇၅၀-၇၆၀ ကြားနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ကနေ ချန်နိုင်းကို မတ်ပဲ၊ ပဲစင်းငုံ တင်တဲ့သင်္ဘောတွေကလည်း ပုံမှန်ကိုထွက်ခွာနေတယ်လို့ သိရပါတယ်။

**Ref: Commodity News**

**Source: Current Content**

## တရုတ်နယ်စပ်ပိတ်ခွင့်မရသဖြင့် အရှေ့တောင်အာရှ သစ်သီးဈေးကွက်ပျက်



https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4246-china-boeder-fruit-spoil.html



https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4246-china-boeder-fruit-spoil.html

ဗီယက်နမ် တရုတ်နယ်စပ်မှာ ကိုဗစ်-၁၉ လုံးဝဥဿုံကင်းစင်ရေး zero-Covid-19 policy ကို တရုတ်နိုင်ငံမှ တင်းတင်းကျပ်ကျပ်ကျင့်သုံးနေတာကြောင့် ဗီယက်နမ်မှ နဂါးမောက်သီးများ နယ်စပ်ဂိတ်များမှ တင်ပို့ခွင့်မရကြသဖြင့် ဗီယက်နမ်

နဂါးမောက်သီးဈေးကွက်မှာ ဇန်နဝါရီလအတွင်း၂၅% ဈေးထိုးကျသွားပြီး အလကားနီးပါး ဈေးနှုန်းဖြစ်သွားပါတယ်။ နဂါးမောက်စိုက်ခင်း အားလုံးနီးပါးမှာလည်း နဂါးမောက်သီးဆွတ်ခူးတာ ရပ်ထားကြပါတယ်။

တရုတ်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ် နယ်ခြားမှတစ်ဆင့် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားအောင် အစွမ်းကုန်ကာကွယ်ပါတယ်။ နယ်ခြားဂိတ်များမှတင်သွင်းတဲ့ သစ်သီးအထုပ်များ၊ အေးခဲအစားအစာ အထုပ်အပိုးများပေါ်မှာ ပိုးပါလာမှာကိုတားဆီးဖို့ စစ်ဆေးမှုများပြုလုပ်ပါတယ်။ အထုပ်အပိုးမှာ ကိုဗစ်ပိုးပါလာတတ်တယ်လို့ သတ်မှတ်ထားပါတယ်။

နယ်ခြားဂိတ်များမှ သစ်သီးတင်သွင်းဖို့ တင်းကျပ်ထားပြီး အချိန်ကြာမြင့်တာကြောင့် အရှေ့တောင်အာရှနိုင်ငံမှ သစ်သီးတင်ပို့သူများကို တိုက်ရိုက် ထိခိုက်နေပါတယ်။၂၀၁၉ ခုနှစ်မှာ တရုတ်နိုင်ငံသို့ အရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးအမျိုးမျိုးတင်ပို့မှု တန်ဖိုးပမာဏစုစုပေါင်း အကြမ်းအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဘီလျံ ရှိခဲ့ပါတယ်။

ဗီယက်နမ်မှ နဂါးမောက် စိုက်ခင်းရှင် Mr.Hong က "သူတို့ဝယ်ရင် ကျွန်တော်တို့ အလုပ်ဖြစ်မယ်။ သူတို့မဝယ်ရင် ကျွန်တော်တို့သေတာပဲ။ ကျွန်တော်တို့ နဂါးမောက်စိုက်ရတာ အလောင်းအစားလုပ်နေတာနဲ့ အတော်တူနေတယ်" လို့ ပြောပြတယ်။

လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့ရဲ့ တရုတ်နယ်စပ်ဂိတ်တွေမှာ နယ်စပ်ဖြတ်ကျော်ဖို့ ထရပ်ကားတွေ လန့်ချီပြီး စောင့်ဆိုင်းနေကြတယ်။ ဗီယက်နမ်မှ နဂါးမောက်သီးတွေ တရုတ်ပြည်သို့ အများဆုံး တင်ပို့တာကြောင့် ယခုအခါ နဂါးမောက် စိုက်ခင်းရှင်တွေ၊ တင်ပို့တဲ့ ပွဲရုံတွေ အကြွေးအကြီးအကျယ် တင်ကုန်တယ်။

မြန်မာနယ်စပ်မှာ ဖရဲသီးတင်ပို့သူများ နယ်စပ်မှာ ဖရဲသီးများ စွန့်ပစ်ကြရတယ်။ နယ်ခြားဖြတ်ကျော်တင်ပို့ဖို့ ကြာမြင့်တာကြောင့် ဖရဲသီးတွေ ပျက်စီးကုန်လို့ဖြစ်ပါတယ်။ နယ်စပ်မှာ ကိုဗစ်တင်းကျပ်တာကြောင့် ဗီယက်နမ်မှနဂါးမောက်သီးစိုက်ပျိုးသူများ ထိခိုက်နေချိန်မှာ တရုတ်ပြည်မှ မြို့ကြီး ၉ မြို့မှာ ဗီယက်နမ်မှတင်သွင်းထားတဲ့ နဂါးမောက်သီးတွေပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့သဖြင့် နဂါးမောက်သီးရောင်းချနေတဲ့ စူပါမားကက်များကို အာဏာပိုင်တို့က ပိတ်ခိုင်းထား လိုက်ပါတယ်။ နဂါးမောက်သီးနဲ့ ထိတွေ့မှုရှိထားသူ ၁,၀၀၀ ဦးဝန်းကျင် Quarantine ဝင်ကြရပါတယ်။

ပထမဆုံးအကြိမ် နယ်ခြားဂိတ်ကို ပိတ်ချလိုက်တာ ၂၀၂၁ ဒီဇင်ဘာလမှာ ဖြစ်ပြီး ကြိုတင်ကြေညာခြင်း မပြုဘဲ ရုတ်တရက်ပိတ်ထားလိုက်တာ ဖြစ်ပါတယ်။ဗီယက်နမ် သစ်သီးနှင့် ဟင်းသီးဟင်းရွက်အသင်း Vietnam Fruit and Vegetable Association မှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က "တရုတ်နိုင်ငံက ဗီယက်နမ်နိုင်ငံကို ဘာမှ ကြိုမပြောခဲ့ပါဘူး။ သူတို့က ရုတ်တရက် လုပ်ကိုင်လိုက်တယ်" လို့ ပြောပြပါတယ်။

နဂါးမောက်၊ ပိန္နဲ၊ သရက် စိုက်ပျိုးတင်ပို့သူဦးရေ တစ်သန်းကျော် စီးပွားထိခိုက်ခဲ့ကြပါတယ်လို့ Dang Phuc Nguyen က ပြောပြပါတယ်။ ဗီယက်နမ်မှ ပြည်ပတင်ပို့တဲ့ သစ်သီးနှင့်ဟင်းသီးဟင်းရွက် တစ်နှစ်တာတန်ဖိုးပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃.၂ ဘီလျံရှိပြီး ၅၅% ကို တရုတ်ပြည်သို့ တင်ပို့ပါတယ်။ အများစုက နဂါးမောက်သီး ဖြစ်ပါတယ်။ နဂါးမောက် စိုက်ပျိုးတဲ့တောင်သူ Ms. Pham Thi Tu Lam က ယခင်က လိမ္မော်သီး စိုက်ပျိုးခဲ့ပြီး ၂၀၁၅ မှာ နဂါးမောက်သီး ပြောင်းလဲစိုက်ပျိုးခဲ့ပါတယ်။ အဲဒီအချိန်တုန်းက နဂါးမောက်သီး တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၁.၂၂ ရရှိခဲ့ပါတယ်။ ယခုအခါ ဈေး ၁၀ ဆ ကျသွားခဲ့တယ်လို့ သူက ပြောပြပါတယ်။

ဝယ်မယ့်သူရှာမရလို့ အိမ်နီးနားချင်းတွေကို နဂါးမောက်သီးတွေ အလကားဝေပေးခဲ့ပါတယ်။ ကြက်စာကျွေးဖို့ အတွက်ဖြစ်ပါတယ်။ လွှင့်ပစ်လိုက်တာတွေလည်းရှိပါတယ်။ နဂါးမောက်သီးအတွက် အချိန်သုံးလနဲ့ ငွေ အမေရိကန်ဒေါ်လာ ၁,၃၀၀ သုံးစွဲခဲ့ပါတယ်။ "အခုတော့ အကုန်လုံးကုန်ပြီ။ ဘာမှမကျန်တော့ဘူး" လို့ သူကပြောပြပါတယ်။

တရုတ်နိုင်ငံရဲ့ zero-Covid-19 မူဝါဒကြောင့် ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေးဖြစ်တဲ့ တရုတ်ပြည်အပေါ် အရှေ့တောင်အာရှနိုင်ငံများ တည်မှီနေရတဲ့ကိစ္စရပ်ကို ပြောဆိုဆွေးနွေးမှုများ ဂယက်ထခဲ့ပါတယ်။ University of Sydney မှ ပါမောက္ခ Bill Pritchard က အရှေ့တောင်အာရှနှင့် တရုတ်ပြည်အကြား သစ်သီးကုန်သွယ်ရေးကို လေ့လာသူ ဖြစ်ပါတယ်။ အခုဟာက ကုန်သွယ်ရေးလမ်းကြောင်းမှာ လမ်းပေါ်အမြန်မောင်းလို့မရအောင် စီစဉ်ထားတဲ့ လမ်းသားပေါ်မှာ အဖုအထစ်အတားအဆီး ခင်းထားသလိုမျိုးဖြစ်နေပြီး ယာယီလား၊ အမြဲတမ်းလားဆိုတာ သူမသိနိုင်ဘူးလို့ မှတ်ချက်ပြုပါတယ်။

ဆယ်စုနှစ်တစ်ခုအကြာ အရှေ့တောင်အာရှရှိ သစ်သီးစိုက်တောင်သူများဟာ ကျန်းမာရေးအတွက် သစ်သီးနဲ့ဟင်းသီးဟင်းရွက်ကို စားသုံးကြတဲ့ တရုတ်လူလတ်တန်းစား တိုးများလာခဲ့တာနဲ့အမျှ သစ်သီးအမျိုးမျိုး ရောင်းအားကောင်းပြီး အကျိုး

အမြတ်ဖြစ်ထွန်းခဲ့ကြပါတယ်။ သူတို့နိုင်ငံတွေနဲ့ တရုတ်နိုင်ငံနယ်ခြားကို ဆက်သွယ်ပေးထားတဲ့ အဝေးပြေးလမ်းများကနေ သစ်သီးများနဲ့ဟင်းသီးဟင်းရွက်များတင်ပို့ပြီး အကျိုးကျေးဇူးတွေရရှိခဲ့ပါတယ်။

သစ်သီး စိုက်ပျိုးတင်ပို့သူများက တရုတ်နှစ်သစ်ကူး အကြိုကာလ ရောင်းအားတက်ချိန်ကို အားခဲထားကြပြီး ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ကြပါတယ်။ နယ်စပ်မှ တရုတ်အာဏာပိုင်တို့က နယ်ခြားဂိတ်ကို ပြန်ဖွင့်ပေးခဲ့ပေမဲ့ စစ်ဆေးမှုတင်းကျပ်ထားပြီး ကြန့်ကြာမှုများရှိနေဆဲဖြစ်ပါတယ်။ ဇန်နဝါရီလကုန်မှာ ဗီယက်နမ်-တရုတ် နယ်စပ် ဂိတ်တွေမှာ ကားစီးရေ ၂,၀၀၀ ဝန်းကျင် စောင့်ဆိုင်းနေဆဲဖြစ်ပါတယ်။ ဒီဇင်ဘာလမှာ စီးရေ ၅,၀၀၀ ဝန်းကျင် ရှိခဲ့ရာမှ လျော့ကျသွားခဲ့တာဖြစ်တယ်လို့ Mr. Nguyen က ပြောပြပါတယ်။

ဗီယက်နမ်အစိုးရက နဂါးမောက်သီးများကို ပြည်တွင်းစူပါမားကက်များမှာ ရောင်းချဖို့စီစဉ်ပေးခဲ့ပြီး ပြည်ပဈေးကွက်အသစ်များကိုလည်း ရှာဖွေနေပါတယ်။ဒါပေမဲ့ အခြားနိုင်ငံများသို့တင်ပို့ရင် လေယာဉ်များ၊ သင်္ဘောများကို အသုံးပြုရမှာဖြစ်လို့ သယ်ပို့စရိတ်ကြီးမားပါတယ်။ ထိုင်းဒူရင်းအသင်း Thai Durian Association မှ ဒုဥက္ကဋ္ဌ Ms. Patchaya Khiaophan က လာမယ့် လတွေမှာလည်း နယ်စပ်ဂိတ်တွေ ဖွင့်လိုက်ပိတ်လိုက် ဆက်ဖြစ်နေဦးမယ်လို့ မျှော်လင့်ကြောင်းပြောကြားပါတယ်။

လာမယ့် ဧပြီလမှာ ဒူရင်းသီး ဆွတ်ခူးတင်ပို့တဲ့ရာသီ စတင်တော့မှာဖြစ်ပါတယ်။ ဒူရင်းသီး ထည့်ထားတဲ့ ကတ်ထူပုံးများကို ဆေးဖြန်းပြီး ပိုးသတ်ပေးဖို့ အစီအစဉ်ကို စမ်းသပ်နေပါတယ်။ ထုပ်ပိုးတာမှာလည်း ပိုးကင်းစင်ရေးအတွက် ထုပ်ပိုးပုံ စံသတ်မှတ်ချက်များ တင်းကျပ်ထားပါတယ်။ "ကျွန်မတို့ ထိုင်းဒူရင်းသီးတွေ ကိုဗစ်ကင်းစင်ကြောင်း တရုတ်ဘက်က စိတ်ချလက်ချရှိအောင် လုပ်ပေးမှာဖြစ်မယ်။ ကျွန်မတို့ စိုက်ပျိုးသူတွေ၊ စီးပွားရေးသမားတွေအတွက် ပြင်ဆင်ပေးနေပါတယ်။ ကျွန်မအနေဖြင့် မျှော်လင့်ချက် မြင့်မြင့်မားမားသိပ်မရှိပါဘူး" လို့ ပြောပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4246-china-boeder-fruit-spoil.html

## မလေးရှားစားအုန်းဆီ တစ်တန်ရင်းဂစ် ၅,၅၀၀ ဝန်းကျင်ရောက်ရှိ



ttps://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4245-palm-oil-waits-clarity-indonesia-exports.html

မလေးရှား စားအုန်းဆီ ကြိုရောင်းကြိုဝယ် ဈေးနှုန်းက ဖေဖော်ဝါရီလ ၄ ရက်မှာ တစ်တန် မလေးရှားရင်းဂစ် ၅,၅၀၀ ဝန်းကျင်မှာ အတက်အကျ ကစားနေခဲ့ပါတယ်။အင်ဒိုနီးရှားရဲ့ စားအုန်းဆီအကြမ်းနဲ့ ဆီသန့်ပြည်ပတင်ပို့မှု မူဝါဒအသစ်ကြောင့် ထွက်ပေါ်လာမယ့်ရလဒ် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိကြရမယ့် အခြေအနေကို စောင့်ကြည့် အကဲခတ်နေပါတယ်။

စားအုန်းဆီတင်ပို့မှု အများဆုံးနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားရဲ့ စားအုန်းဆီ မူဝါဒအသစ်က ကမ္ဘာ့စားအုန်းဆီဈေးကွက်ကို ဂယက်ထ နေစေပါတယ်။ မူဝါဒအသစ်အရ စားအုန်းဆီထုတ်လုပ်သူတွေက ပြည်တွင်းဈေးကွက်မှာ ထုတ်လုပ်မှု တန်ချိန်ပမာဏ စုစုပေါင်းရဲ့ ၂၀% ကို အစိုးရ ပြဋ္ဌာန်းတဲ့ ပုံသေဈေးနှုန်းဖြင့် မဖြစ်မနေ ရောင်းချရမှာဖြစ်ပါတယ်။မူဝါဒအသစ်ကြောင့် ဈေးအပေါ်ဆုံး ဟင်းသီးဟင်းရွက်ဆီအဖြစ်မှ ဈေးအကြီးဆုံးအဖြစ်သို့ ရောက်ရှိလာနိုင်ပါတယ်။ ကမ္ဘာ့စားအုန်းဆီ ဈေးကိုလည်းဆွဲတင်ပါတယ်။ ပဲပုပ်နှင့်ပြောင်းဈေးနှုန်းများလည်း ဈေးတက်ပါတယ်။

Bursa Malaysia Derivatives Exchange မှာ လာမယ့် ဧပြီလအတွက် စားအုန်းဆီ ကန်ထရိုက် ၀.၉၈% ဈေးတက်ပြီး တစ်တန် ရင်းဂစ် ၅,၅၆၈ အထိ မြင့်တက်ခဲ့ပါတယ်။ ပဲပုပ်ဈေးနှုန်းက တရုတ်နှစ်သစ်ကူးအပြီး တရုတ်ကုန်သည်တွေ အရောင်းအဝယ်ပြန်စတဲ့အခါ ဈေးထပ်တက်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ စားအုန်းဆီတစ်တန်ဈေးနှုန်း ဖြစ်လာနိုင်ခြေက ရင်းဂစ် ၅,၆၀၈ နှင့် ၅,၆၇၆ ကြား ဈေးတက်ဖွယ်ရှိပြီး၊ ရင်းဂစ် ၅,၄၈၄ ဝန်းကျင်မှာ အခြေတည်လိမ့်မယ်လို့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4245-palm-oil-awaits-clarity-indonesia-exports.html

## ဆော်ဒီနိုင်ငံက အာရှဒေသအတွက် ရေနံစိမ်းဈေးနှုန်းကို တိုးမြှင့်

ဆော်ဒီအာရေဗျနိုင်ငံရှိ အကြီးဆုံးစွမ်းအင်ကုမ္ပဏီဖြစ်သော အာရမ်ကိုသည် မတ်လတွင် အာရှဒေသသို့ရောင်းချမည့် ရေနံစိမ်းဈေးနှုန်းများကို တိုးမြှင့်လိုက်ကြောင်းသိရသည်။

ကမ္ဘာ့အကြီးဆုံး ရေနံတင်ပို့သူဖြစ်သည့် အာရမ်ကို ကုမ္ပဏီသည် အာရှဒေသရှိ ဖောက်သည်များအတွက် အာရပ်လိုက် ရေနံစိမ်းအမျိုးအစားကို တစ်စည်လျှင် အမေရိကန်ဒေါ်လာဆင့် ၆၀ နှုန်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ရေနံစိမ်းဖြစ်သည့် အိုမန်/ဒူဘိုင်းအမျိုးအစားကို တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀ နှုန်းဖြင့်လည်းကောင်း တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီအနေဖြင့် အများသုံးရေနံစိမ်းဈေးနှုန်းကို တစ်စည်လျှင် ဆင့် ၆၀ အထိတိုးမြှင့်ရန် ယခင်ကတည်းက စီစဉ်ထားခြင်းဖြစ်သည်။ ယခုကဲ့သို့ ရေနံစိမ်းဈေးနှုန်းများကို တိုးမြှင့်လိုက်ရသည့် အကြောင်းရင်းမှာ အာရှဒေသမှ ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဖြစ်သည့်အပြင် ဒီဇယ်နှင့်လေယာဉ်ဆီလိုအပ်ချက် မြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/21760

## ယခုနှစ် နွေသီးနှံရာသီ၌ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးရန် အိန္ဒိယနိုင်ငံအစိုးရက လျာထား

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ်၊ နွေသီးနှံရာသီ (မတ်လမှ မေလအတွင်း) ၌ စပါး ပါဝင်ခြင်းမရှိသော နွေသီးနှံမျိုးစုံကို ယခင်နှစ် စိုက်ပျိုးဧရိယာထက် ၂၉% ခန့်ပိုမိုလျက် ဟက်တာ ၅၂.၇၂ သိန်းအထိ တိုးချဲ့စိုက်ပျိုးရန် အစိုးရက လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနသည် ယခုနှစ် အတွက် နွေသီးနှံစိုက်ပျိုးရေး သုံးသပ်မှုဆိုင်ရာ အမျိုးသားအဆင့်ညီလာခံဆွေးနွေးပွဲကို ၂၇-၁-၂၀၂၂ နေ့၌ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာတွင် စိုက်ပျိုးရေးဝန်ကြီး Mr. Narendra Kumar Tomar ပါဝင်တက်ရောက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိများက နွေသီးနှံ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ တိုးချဲ့စိုက်ပျိုးရန် လျာထားသည့် သီးနှံများတွင် ပဲမျိုးစုံအား စိုက်ဧရိယာ ဟက်တာ ၂၁.၀၅ သိန်း၊ ဆီထွက်သီးနှံ ဟက်တာ ၁၃.၇၈ သိန်းနှင့် အခြားနှံစားသီးနှံ ဟက်တာ ၁၇.၈၉ သိန်း တို့ ပါဝင်မည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုမှာ ယခင်နှစ်က ဧရိယာဟက်တာ သိန်း ၄၀ ခန့်ရှိပြီး ယခုနှစ် တွင် ဟက်တာ သိန်း ၃၀ မှ ၄၀ အကြား စိုက်ပျိုးနိုင်ဖွယ်ရှိကြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအား စပါးစိုက်ပျိုးရန် ရည်မှန်းထား သည့် လုပ်မြေဧရိယာနေရာများ၌ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၂၇-၁-၂၀၂၂ နေ့ သတင်း ထုတ်ပြန်ချက်အရ သိရှိရသည်။

အိန္ဒိယ၏ နွေသီးနှံပဲမျိုးစုံတွင် ပဲတီစိမ်းသည် အဓိကသီးနှံဖြစ်ပြီး ယခင်နှစ်၌ မဒ္ဒရာပရာ ဒေ့ရှ်၊ ဘီဟာ၊ ဩရိဿ၊ တမီနာဒူး၊ ဥတ္တာပရာဒေ့ရှ်နှင့် အန္ဒြာပရာဒေ့ရှ် ပြည်နယ်များတွင် စုစုပေါင်းဟက်တာ ၁၄.၄၅ သိန်းခန့် စိုက်ပျိုးခဲ့သည်။ မတ်ပဲမှာ ဒုတိယအများဆုံးဖြစ်ပြီး ၂၀၂၁ ခုနှစ် နွေရာသီတွင် ဧရိယာဟက်တာ ၂.၉၈ သိန်း စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ ယခုနှစ် နွေသီးနှံ ရာသီ၌ ပဲတီစိမ်းဟက်တာ ၁၇.၅၈ သိန်း၊ မတ်ပဲဧရိယာဟက်တာ ၃.၁၃ သိန်းနှင့် အခြားပဲများကို ဟက်တာ ၀.၃၄ သိန်း စိုက်ပျိုးရန် အိန္ဒိယအစိုးရက လျာထားလျက်ရှိသည်။ နွေရာသီ ဆီထွက် သီးနှံများအနက် မြေပဲအား ယခင်နှစ်၌ ဟက်တာ ၅.၉၅ သိန်းစိုက်ပျိုးရာမှ ယခုနှစ်တွင် ဟက်တာ ၇.၆၀ သိန်းသို့လည်းကောင်း၊ နှမ်းကို ၂၀၂၁ ခုနှစ် နွေရာသီစိုက်ပျိုးမှု ဟက်တာ ၄.၂၇ သိန်းထက် ပိုမို၍ ယခုနှစ်၌ ဟက်တာ ၅.၂၅ သိန်းသို့လည်းကောင်း တိုးမြှင့်စိုက်ပျိုးရန်လျာထားသည်။

၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် မုတ်သုံကာလအလွန် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အိန္ဒိယ နိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုမှာ ပုံမှန်မိုးရေချိန် ၁၇၇.၇ မီလီမီတာထက် ၄၄% ကျော် ပိုမိုရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ပထမ ရက်သတ္တ ၃ ပတ်အတွင်း မိုးရေချိန်သည်လည်း ပုံမှန်ပျမ်းမျှ ၁၁.၈ မီလီမီတာထက် ၃ ဆ ခန့် ပိုမိုခဲ့သည်။ ထိုသို့ စိုက်ပျိုးရေ ရရှိနိုင်မှုက နွေသီးနှံတိုးချဲ့စိုက်ပျိုးရန် ကောင်းမွန်သည့်အခြေအနေကိုဖြစ်ပေါ်စေပြီး ဓာတ်မြေဩဇာသွင်းအားစု လုံလောက်စွာ ရရှိစေရေး အိန္ဒိယအစိုးရက စီမံဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ နွေစပါးအပါအဝင် Zaid crop ခေါ် နွေသီးနှံမျိုးစုံ စိုက်ပျိုးမှုမှာ ၂၀၁၇-၁၈ ခုနှစ်၌ ဧရိယာဟက်တာ ၂၉.၇၁ သိန်းရှိရာမှ ၃ နှစ်အတွင်း ၂.၇ ဆ ခန့် တိုးတက်လျက် ၂၀၂၁-၂၂ သီးနှံစိုက်ပျိုးရေးနှစ်တွင် ဟက်တာ ၈၀.၄၆ သိန်းသို့ ရောက်ရှိ

လာကြောင်း သိရှိရပါသည်။

**Source: Union Agriculture Minister addresses 4th National Conference on Agriculture for Summer Campaign 2021-22, 27-1-2022, Press Information Bureau of India**

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## အာရှအလယ်ပိုင်းနိုင်ငံများနှင့်ကုန်သွယ်မှုတိုးတက်ခဲ့သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်းရှိ နိုင်ငံများဖြစ်သည့် Kazakhstan၊ Kyrgyzstan၊ Tajikistan၊ Uzbekistanနှင့် Turkmenistan နိုင်ငံများအကြား သံတမန်ဆက်ဆံ ရေးထူထောင်ခဲ့သည့် အချိန်မှ စတင်၍ နှစ်ပေါင်း(၃၀)အတွင်း ကုန်သွယ်မှုပမာဏသည် အဆ(၁၀၀) ကျော် တိုးတက်လာခဲ့ပါ သည်။ တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်းနိုင်ငံများအကြား ၁၉၉၂ ခုနှစ်တွင် သံတမန် ဆက်ဆံရေး စတင်ထူထောင်ခဲ့ရာ စတင်ထူထောင်စဉ်က ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၄၆၀) သန်း သာရှိသော်လည်း နှစ်ပေါင်း (၃၀) အကြာတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၄၀) ဘီလီယံထက် ကျော်လွန် လာသည့်အတွက် အဆ (၁၀၀) နီးပါး တိုးတက်ခဲ့ပါသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံမှ အာရှအလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံသည့် ပမာဏ၊ အမေရိကန်ဒေါ်လာ (၁၄) ဘီလီယံကျော်လွန်ခဲ့ပြီး တရုတ်နိုင်ငံသည် အာရှအလယ်ပိုင်း နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်မှုပိုမိုတိုးတက်လာစေရန် လုပ်ဆောင်ခဲ့သည့်အတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ပါသည်။ အလားတူပင် တရုတ်နိုင်ငံ အနေဖြင့် အာရှအလယ်ပိုင်းနိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Wang Wentao မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source:** https://www.globaltimes.cn/page/202201/1246237.shtml

**ရွှေစင်ဦး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-ဘေကျင်း)**

## ထိုင်းနိုင်ငံမှပြည်ပသို့ မော်တော်ကားတင်ပို့မှုအစီးရေ(၁)သန်းအထိတိုးလာဖွယ်ရှိခြင်း



ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industries (FTI) က ကိုဗစ်-၁၉ ၏ သက်ရောက်မှုနှင့် ဆီမီးကွန်ဒတ်တာများ ပြတ်လတ်မှုတို့ကြောင့် အကန့်အသတ်များရှိနေသော်လည်း မော်တော်ကား ပြည်ပတင်ပို့မှုအနေဖြင့် ယခုနှစ်တွင် အစီးရေ(၁)သန်းအထိ (၂)နှစ်အတွင်း ပထမဆုံးအနေဖြင့် တိုးလာဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့ ပါသည်။

ထိုင်းနိုင်ငံ၌ ၂၀၂၀ခုနှစ် ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်-၁၉ ဒဏ်ကို ခံစားခဲ့ရချိန်တွင် မော်တော်ကားထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်တွင်ရှိခဲ့သော အစီးရေ(၁)သန်းမှ (၇၀၄,၆၂၆)စီးသို့ ကျဆင်းခဲ့ကြောင်း၊ ယမန်နှစ်က အစီးရေ (၉၅၆,၅၃၀)စီးသို့ ပြန်လည်တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ်တွင်မိမိတို့အနေဖြင့် မော်တော်ကား ပြည်ပတင်ပို့ရန် အတွက် ကားထုတ်လုပ်မှုကို (၄.၅၄%)တိုးတက်စေရန်နှင့် အစီးရေ(၁)သန်းခန့် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း ဒုတိယ ဥက္ကဋ္ဌနှင့် မော်တော်ကားကလပ်အသင်း၏ ပြောရေးဆိုခွင့်ရှိသူ Surapong Paisitpatanapong ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ၎င်းကပြည်ပဝယ်လိုအားတိုးလာနိုင်သည်ဟုယူဆကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မော်တော်ကားအဓိက ထုတ်လုပ် သည့်နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် ပစ်ကပ်မော်တော်ကားများဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

ယမန်နှစ်က စုစုပေါင်းကားထုတ်လုပ်မှုအနေဖြင့်(၁.၆၈)သန်းထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ ခုနှစ်ကထက် (၁၈.၁၂%)တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းတို့အနက် အစီးရေ(၇၂၉,၁၇၅)စီးမှာ ပြည်တွင်းအရောင်းအတွက်

ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် စုစုပေါင်းထုတ်လုပ်မှုအနေဖြင့်(၁.၅၅-၁.၆)သန်းခန့်ထုတ်လုပ်သွားရန်အစောပိုင်းက ရည်မှန်းထားကြောင်း သိရှိရပါသည်။




| | 2020 | 2021 | Change (%) |
|---|---|---|---|
| Cars | 274,789 | 251,800 | -8.4 |
| Patrol cars | 68,705 | 70,939 | 3.3 |
| Pure pickups | 364,887 | 341,452 | -6.4 |
| Pickup passenger vehicles (PPV) | 44,576 | 52,024 | 16.7 |
| Trucks | 23,197 | 31,143 | 34.3 |
| Other | 15,992 | 11,761 | -26.5 |
| **Total** | **792,146** | **759,119** | **-4.2** |
| Motorcycles | 1,516,096 | 1,606,481 | 6 |

Source: Federation of Thai Industries BANGKOK POST GRAPHICS

မော်တော်ကားကလပ်အသင်းအနေဖြင့် ယခုနှစ်တွင် စုစုပေါင်း မော်တော်ကားထုတ်လုပ်မှုသည် အစီးရေ (၁.၈)သန်းသို့ ရောက်ရှိနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ အစီးရေ(၈)သိန်းမှာ ပြည်တွင်းအရောင်းအတွက် ဖြစ်ကြောင်းနှင့် အစီးရေ(၁)သန်းမှာ ပြည်ပသို့ တင်ပို့ရန်ဖြစ်ကြောင်း သိရှိရပါသည်။ ပြည်ပတင်ပို့မှုသည် ယခုနှစ်အတွက် ကောင်းမွန်အကျိုးရှိလိမ့်မည်ဟု ထင်မြင်ကြောင်း၊ သို့ရာတွင် ဆီမီးကွန်ဒတ်တာများ ပြတ်လပ်မှုကို မဖြေရှင်းနိုင်ပါက ပြည်ပပို့ကုန်အတွက်ထုတ်လုပ်မှုသည် ရည်မှန်းချက်နှင့် လွဲချော်နိုင်ကြောင်းနှင့် အိုမီခရွန်ပျံ့နှံ့မှုကို မထိန်းချုပ်နိုင်ပါက ကမ္ဘာ့စီးပွားရေးအတွက် အနုတ်လက္ခဏာဆောင်သောသက်ရောက်မှုများဖြစ်ပေါ်လာနိုင်ကြောင်းနှင့် နိုင်ငံများတွင် Lockdown အစီအမံများ ပြန်လည်ချမှတ်လာနိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

FTI အနေဖြင့် ဆီမီးကွန်ဒတ်တာ ချစ်ပ်များ ပြတ်လပ်မှုသည် နောက်(၂)နှစ်ခန့်အကြာ တွင်အဆုံးသတ်နိုင်သည်ဟု ယုံကြည်ကြောင်း၊ အကြောင်းမှာ ဂျပန်နိုင်ငံ၏ ချပ်စ်ပြားထုတ်လုပ်သည့် စက်ရုံသစ်မှနေ၍ မော်တော်ကားများအတွက် လိုအပ်သော ဆီမီးကွန်ဒတ်တာချပ်စ်ပြားများကို ပိုမိုထုတ်လုပ်လာနိုင်မည်ဖြစ်ခြင်းကြောင့်ဟု FTI ကပြောကြားပါသည်။

အစောပိုင်းတွင် ကားကုမ္ပဏီများအနေဖြင့် ဆီမီးကွန်ဒတ်တာများ ပြတ်လပ်မှုကြောင့် လျှပ်စစ်မော်တော်ကားများအပါအဝင် ကားမော်ဒယ်အချို့၏ထုတ်လုပ်မှုများ နှောင့်နှေးခဲ့ရကြောင်းနှင့် မော်တော်ကားထုတ်လုပ်မှုအပေါ် ပြန်လည်ချိန်ညှိခဲ့ရကြောင်းသိရှိရပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတစ်လတည်းတွင် မော်တော်ကားထုတ်လုပ်မှုသည် နှစ်အလိုက်တွင်(၇.၈၉%)တိုးတက်ခဲ့ကြောင်းနှင့်အစီးရေ(၁၅၄,၃၆၈)စီးထုတ်လုပ်နိုင်ခဲ့ကြောင်း ။ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုမှာလည်း နှစ်အလိုက်တွင် (၆.၃၄%)တိုးတက်ခဲ့ပြီး အစီးရေ(၂၁၇,၄၂၃)စီးရှိခဲ့ကြောင်းသိရှိရပါသည်။ မော်တော်ကားကလပ်အသင်းအနေဖြင့် ကိုဗစ်-၁၉ဘေးကင်းစေရေး စိုးရိမ်မှုများကြောင့် အများသူငါစီးနင်းကြသည့်ပို့ဆောင်ရေးအစီအစဉ်များကို ရှောင်ရှားနိုင်ပြီး မော်တော်ကားများကို ဝယ်ယူလာနိုင်သည့်အတွက် ယခင်နှစ်နောက်ဆုံးလတွင်ကျင်းပခဲ့သည့် Thailand International Motor Expo ပွဲတွင်ကြိုတင်မှာယူမှုအစီးရေ(၃၀,၀၀၀)ခန့်ရရှိလိမ့်မည်ဟုမျှော်လင့်ခဲ့ကြောင်းသိရှိရပါသည်။

Source: Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (7.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 351 | 2,883,200 | 33,109,694 | 274,810 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 321 | 963,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 80 | 640,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +50 | +1.96% | 2,550 | 2,600 | 2,550 | 60 | 155,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 400 | 1,120,000 | 19,977,223 | 55,936 |
| AMATA | 00007 | 5,400 | +0 | +0.00% | 4,900 | 5,400 | 4,900 | 3 | 15,700 | 10,497,598 | 56,687 |


## Market summary

As of 7th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 384.55 | +2.27 | +0.59% | 379.26 | 384.55 | 379.26 | 1,215 | 5,776,900 | 7 | 668,973 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 7th Feb. 2022

| MYANPIX | 384.55 ▲ 2.27 |
|---|---|
| Total Volume (shares) | 1,215 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 668,973 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 50 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |